

# လွတ်လပ်တဲ့သူ

Give Me Laverty or Give Me Death. American Revolutionary War တစ်နည်းအားဖြင့် American War of Independence လို့ မှတ်တမ်းတင်ကြတဲ့ အမေရိကန်နိုင်ငံ လွတ်လပ်ရေးတိုက်ပွဲဝင်စဉ်ကာလက ပစ်ထရစ်ဟင်နရီ ပြောကြားတဲ့ စကားတစ်ခွန်းပါ။ ကမ္ဘာအရပ်ရပ်ရှိ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ တော်လှန်ရေးသမားများအားလုံး၊ အဖိနှိပ်ခံလူထုအရေး အသက်သွေးချွေး စတေးပေးဆပ်ကာ တောင်းဆိုနေကြတဲ့သူတွေ အားလုံး ဒီစကားကို ကြားဖူးကြမှာပါ။ မြန်မာပြည်ကို အင်္ဂလိပ်အုပ်စိုးစဉ်ကလည်း "ကျွန်သပေါက်တစ်ယောက်အဖြစ် အသက်ရှင်နေရတာထက် သေရတာမှမြတ်သေးတယ်"ရယ်လို့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်စိတ်ဓာတ်နဲ့ မြန်မာ့ အာဇာနည် သူရဲကောင်းများလည်း အလားတူစကားမျိုးကို ပြောခဲ့ဘူးကြပါတယ်။

ငယ်စဉ်က သမိုင်းစာအုပ်ထဲမှာ ဒီစကားများကို ဖတ်ခဲ့ရတယ်။ ဘာကြောင့် တော်လှန်ရေးခေါင်းဆောင်တွေက ဒီစကားမျိုးပြောခဲ့ကြတာလဲ။ လွတ်လပ်မှုဆိုတာ ဘဝရပ်တည်မှုအတွက် ဘယ်လောက်အရေးကြီးလို့ ခုလိုစကားမျိုးကို ဆိုခဲ့ကြတာပါလဲ။ အဲဒီတုံးကတော့ ပြည့်ပြည့်ဝဝ နားမလည်ခဲ့ပါဘူး။ သို့ပေမယ့် ဒီစကားထဲမှာ ခွန်အားတစ်ခုခုပါနေသလိုပဲဆိုတာကိုတော့ ခံစားခဲ့မိတယ်။ ကျွန်ဖြစ်ရတာ မကောင်းဘူးဆိုတာလောက်တော့ နားလည်ခဲ့တယ်။ အရွယ်ရလာလို့ အသိဉာဏ်ရင့်လာတာနဲ့အမျှ ဒီစကားကို ပိုမိုနားလည်လာတယ်။ ကျွန်ဆိုတာ ချုပ်ချယ်မှုအောက်မှာ နေနေရတာ။ အချုပ်အချယ်ဆိုတာ ကျဉ်းကျပ်တဲ့အရာ၊ လူ့စွမ်းရည်ကို ပိတ်ပင်တားဆီးတဲ့အရာ၊ လူသားတစ်ယောက်ရဲ့ ရပိုင်ခွင့်တွေကို ချိုးနှိမ်ဖျက်ဆီးတဲ့အရာလို့ နားလည်မိတယ်။ အတားအဆီး အချုပ်အနှောင်မှန်သမျှ ဘယ်အတားအဆီး အချုပ်အနှောင်မှ ကောင်းကျိုးမပေးဘူးလို့လည်း ခံယူမိတယ်။ ဒါကြောင့် အတားအဆီး အချုပ်အနှောင်ဆိုလျှင် သူ့သဘောတရားကို မဆိုထားနဲ့၊ ဒီစကားကို ကိုယ်စားပြု ဖော်ပြတဲ့ "အတားအဆီး အချုပ်အနှောင်"ဆိုတဲ့ စကားလုံးကိုတောင်မှပဲ မလိုလားမနှစ်သက်ဖြစ်မိတယ်။

ပေးတာယူ၊ ခိုင်းတာလုပ်၊ ကျွေးတာစား၊ တရား၏ မတရား၏စသည် ဘာတစ်ခုမှ အပိုမစဉ်းစားတဲ့ ကျွန်စိတ်ဓာတ်ရှိသူတွေက လွတ်လပ်မှုတန်ဖိုးကို နားလည်နိုင်မှာ မဟုတ်လို့မို့ လွတ်လပ်မှုဆိုတာကို မုန့်ဟင်းခါးတစ်ပွဲလောက်မှ တန်ဘိုး ထားချင်မှထားမယ်။ နောက်ပြီး အရှင်သခင်နေရာကို အခမ္ဘရယူထားသူတို့အတွက်တော့ ဟိုဘက်လွန်နေတဲ့ လွတ်လပ်မှုမျိုးရနေလို့ လွတ်လပ်မှုတန်ဖိုးကို ကောင်းကောင်းနားလည်လျှင်မှ နားလည်တော့လိမ့်မယ်။ ကိုယ်လုပ်ချင်တိုင်း လုပ်နေရလို့ နားမလည်ဟန်ဆောင်နေတာလည်း ဖြစ်နိုင်ပါတယ်။ အသိဉာဏ်ရှိပြီး လူသားစိတ်ဓာတ်ရှိသူတိုင်းကတော့ လွတ်လပ်မှုကို လိုချင်တယ်။ငြိမ်းချမ်းတာကို မြတ်နိုးတယ်။ မျှတတာကို သဘောကျတယ်။

လွတ်လပ်မှုကိုချစ်တတ်တဲ့စိတ်ဓာတ်ဆိုတာ လူသားတို့ရဲ့အခြေခံစိတ်ဓာတ်၊ မွေးရာပါစိတ်ဓာတ်ပါ။ ဒီစိတ်ဓာတ်ဟာ ဇာတိစိတ်ဖြစ်သလို အန္တိမ–အဆုံးပန်းတိုင်စိတ်လည်းပဲဖြစ်တယ်။ သံသရာက ထွက်မြောက်ရေး ဝိမုတ္တိသုခဆိုတာ ဆင်းရဲတွေကနေ၊ အချုပ်အနှောင်၊ အကန့်အသတ်အားလုံးကနေ လွတ်မြောက်မှုကို ဆိုလိုခြင်းဖြစ်တယ်။ လူသားတိုင်း လူသားတိုင်းမှာ အခြားအခြားသော ပြင်ပသူတွေရဲ့ အချုပ်အနှောင်တွေကနေ လွတ်လပ်အောင်ကြိုးစားဖို့ လိုသလို ကိုယ့်ကိုယ်ကို ပြန်လည်ချုပ်နှောင်တဲ့ အချုပ်အနှောင်ကနေ လွတ်မြောက်အောင်လည်း ကြိုးစားအားထုတ်ဖို့ လိုတယ်။

လွတ်လက်မှုအောက်မှာသာ ပြည့်ဝတဲ့ ပျော်ရွှင်မှုရှိတယ်။ စစ်မှန်တဲ့ ငြိမ်းချမ်းမှုရှိတယ်။ သာယာတဲ့ ဘဝရသကို လည်း ခံစားနိုင်တယ်။ လွတ်လပ်မှုဆိုတာ တစ်ဦးပိုင် တစ်ဖွဲ့ဆိုင်အရာလည်း မဟုတ်ဘူး။ လူသားတိုင်းနဲ့ ဆိုင်တဲ့ အရာဖြစ်တယ်။ လူသားတိုင်းလည်း ပိုင်ဆိုင်ခွင့်ရှိတယ်။ အများနဲ့ဆိုင်တဲ့အရာဖြစ်လို့ အားလုံးခံစားသုံးဆောင်နိုင် သလို အားလုံးမှာလည်း လွတ်လပ်မှုနဲ့နွယ်တဲ့ တာဝန်ရှိတယ်။ ဒီတာဝန်ကတော့ ရှိပြီးသားလွတ်လပ်ရေးဆိုလျှင် တာရှည်တည်တန့်အောင် စောင့်ရှောက်ထိမ်းသိမ်းဖို့နဲ့ မရှိသေးတဲ့လွတ်လပ်ရေးဆိုလျှင်လည်း ရှိအောင်ရအောင် ကြိုးစားဖို့ တာဝန်ဖြစ်တယ်။ လူသားတစ်ယောက်ဖြစ်လာလျှင် ဥပဒေအရ လိုက်နာရမည့်တာဝန်ရှိသလို စာနဲ့ပေနဲ့ ဥပဒေအဖြစ် သတ်မှတ်မထားပေမဲ့ ယဉ်ကျေးတဲ့လူ့ဖြစ်စဉ်အရ အလိုလိုလိုက်နာထိမ်းသိမ်းရမည့် ဥပဒေသတွေလည်း ရှိတယ်။ ကိုယ့်အသိနဲ့ကိုယ် ယူရမည့်တာဝန်တွေလို့လည်း ဆိုနိုင်ပါတယ်။

သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေက လိုက်နာရမှာ အကန့်အသတ်ရှိတယ်။ လူ့ယဉ်ကျေးမှုအရ၊ လူ့အသိဉာဏ် အရ လက်ခံရတဲ့ ဒီယဉ်ကျေးမှု ဥပဒေသတွေမှာတော့ အကန့်အသတ်မရှိဘူး။ အသိဉာဏ်မြင့်လျှင်မြင့်သလောက် တာဝန်ယူတတ်မှုအပိုင်းက အလိုလို မြင့်လာတာမျိုးပါ။ ငြိမ်းချမ်းမှုကို ထိန်းသိမ်းကာကွယ်ရမည့်တာဝန်က ဒီအထဲ မှာ ပါဝင်ပါတယ်။ ကိုယ်ကိုယ့်ကို အသိဉာဏ် အဆင့်မြင့်တဲ့ လူသားတစ်ယောက်လို့ခံယူလျှင် စာနဲ့ပေနဲ့ သတ်မှတ် မထားတဲ့ ခုလိုတာဝန်ကို ကိုယ့်အသိဉာဏ်နဲ့ကိုယ် ထမ်းဆောင်ဖို့လိုတယ်။ သူများတိုက်တွန်းလို့ တာဝန်ယူရတာ၊ ခိုင်းလို့လိုက်နာပြုလုပ်ရတာထက် ကိုယ့်အသိနဲ့ကိုယ်လုပ်ရတဲ့ တာဝန်ကျေပွန်မှုက ပိုမိုမွန်မြတ်တယ်။ ယဉ်ကျေးခြင်း အဓိပ္ပါယ်ကို သယ်ဆောက်ရာလည်းရောက်တယ်။

လွတ်လပ်မှုနဲ့ငြိမ်းချမ်းမှုကို ကာကွယ်ထိန်းသိမ်းဖို့ အသက်ပေးရတာလည်းရှိတယ်။ စည်းစိမ်တွေနဲ့ ရင်းနှီးရတာ လည်းရှိတယ်။ ဘဝတစ်ခုလုံး၊ မိသားစုအသိုက်အမြုံတစ်ခုလုံး စွန့်လွှတ်ရတာတွေလည်း ရှိတတ်တယ်။ လွတ်လပ် ရေးတန်ဖိုး မြတ်နိုးလျှင် မြတ်နိုးသလောက် စွန့်လွှတ်ဖို့ ဝန်မလေးတဲ့ စိတ်ဓာတ်တွေလည်း တိုးပွားလာတယ်။ လွတ် လပ်ရေးဟာ လူတိုင်းလူတိုင်းနဲ့သက်ဆိုင်တယ်။ လူတိုင်းလူတိုင်းလည်း လွတ်လပ်မှုရသကို ခံစားသင့်တယ်လို့ နား လည်ဖို့လိုတယ်။ အာဇာနည်စိတ်ဓာတ်ရှိသူများဟာ ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်ဆိုတဲ့ ကျဉ်းကျဉ်းလေးအပေါ်မှာ မကြည့်ဘူး။ ဒီလိုအာဇာနည်တွေကြောင့်ပဲ လူသားတွေအနေနဲ့ လွတ်လပ်ခြင်းအရသာကို ထိတွေ့ခံစားကြရခြင်း ဖြစ်တယ်။ ကိုယ်လို ဘဝတူလူသားတွေ လွတ်လပ်မှုရသကို ခံစာခွင့်မရဘူးဆိုလျှင် ကိုယ့်လွတ်လပ်မှုကိုအသုံးပြုပြီး မလွတ်လပ်သေးသူတွေအတွက် ဝိုင်းဝန်းလုပ်ဆောင်ပေးဖို့လိုတယ်။ ဒီလိုလုပ်ဆောင်ပေးပါမှ လူတိုင်းလူတိုင်း လွတ် လပ်မှုအရသာကို ခံစားနိုင်မယ်။ လူတိုင်းလူတိုင်းလွတ်လပ်ပါမှ လွတ်လပ်မှုရဲ့အဓိပ္ပါယ်ဟာလည်း တကယ်ပြည့်ဝနိုင် မယ်။ ငြိမ်းချမ်းမှုလည်း အမှန်ရှိမယ်။ ဟိုတွေးပူ၊ ဒီတွေးကြောက်၊ မလိုအပ်တဲ့ စိုးရွံ့ကြောက်လန့်မှုများနဲ့၊ တာဝန်ယူ လိုမှုကင်းတဲ့ စိတ်ဓာတ်မျိုးနဲ့တော့ တကယ့်လွတ်လပ်မှုရသကို ဘယ်တော့မှ အပြည့်အဝ ခံစားနိုင်မှာ မဟုတ်တာ သေချာတယ်။ ။

အရှင်ဉာဏိက
စက်တင်ဘာ ၂၈၊ ၂၀၀၇